စကားပြောကြေးနန်း(နေပြည်တော်)
ရုံး ၀၆၇ - ၄၁၁၁၄၈
၀၆၇ - ၄၁၁၁၄၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

စာအမှတ်။ ၁(က)(၃)၂၀၂၃(၅၀၄၀) ကလရ။

ရက်စွဲ။ ၂၀၂၃ခုနှစ်၊ဇွန်လ( ၅ )ရက်။

အကြောင်းအရာ။ **ပညာသင်ဆုလျှောက်ထားနိုင်ပါကြောင်း အကြောင်းကြားခြင်းကိစ္စ။**

ရည်ညွှန်းချက်။ ကျန်းမာရေးဝန်ကြီးဌာန၏(၂-၆-၂၀၂၃)ရက်စွဲပါစာအမှတ်၊ ဝကရ(ပြည်တွင်း/ပြည်ပ)/၁၇-၈/၂၀၂၃/၇၅၁၈။

အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံ၊ သံရုံးမှကမ်းလှမ်းလာသည့် ပူးတွဲဖော်ပြပါ ပညာသင်ဆုများသို့ အရည်အချင်းပြည့်မီသော လုပ်ငန်းတာဝန်နှင့်ကိုက်ညီသည့် ဝန်ထမ်းများသည် သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာ Website နှင့်ဆက်သွယ်၍ လျှောက်ထားနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသဖြင့် လျှောက်ထားလိုသူများသည် သက်ဆိုင်ရာဦးစီးဌာန/တက္ကသိုလ်၏ ထောက်ခံချက်ဖြင့် https://itecgoi.in/stream-list တွင် သတ်မှတ်ရက်မတိုင်မီ တိုက်ရိုက်လျှောက်ထားနိုင်ပါကြောင်းနှင့် လျှောက်ထားလိုသူများသည်သင်တန်းအမည်၊ လျှောက်လွှာ၊ CV (Update)၊ ဘွဲ့လက်မှတ်မိတ္တူ၊ CDM ကင်းရှင်းကြောင်း ခံဝန်ချက်၊ ၂၀၂၁ခုနှစ်နှင့် ၂၀၂၂ခုနှစ်အတွင်း ရုံးတက်ရောက်မှုနှင့် လစာထုတ်ယူထားမှုမှတ်တမ်း အကျဉ်းချုပ်တို့နှင့်အတူ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ (၂၀ -၆-၂၀၂၃)ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပေးပို့နိုင်ပါရန် အကြောင်းကြားအပ်ပါသည်။

5/6/2023

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(ဒေါက်တာကျော်စိုးညွှန့်၊ညွှန်ကြားရေးမှူး)

**ဖြန့်ဝေခြင်း-**

(၁) ညွှန်ကြားရေးမှူးချုပ်၊ ဦးစီးဌာနများအားလုံး။

(၂) ပါမောက္ခချုပ်၊ တက္ကသိုလ်များအားလုံး။

(၃) ဒုတိယညွှန်ကြားရေးမှူးချုပ်(ဝန်ထမ်းရေးရာ) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

(၄) ညွှန်ကြားရေးမှူး(လူ့စွမ်းအားအရင်းအမြစ်)

(၃)၊ (၄) - ဌာနတွင်းသို့ဖြန့်ဝေနိုင်ရေး အတွက် ပေးပို့အပ်ပါသည်။

(၅) ညွှန်ကြားရေးမှူး(သူနာပြု)၊ (သင်တန်းကျောင်းများသို့ ဖြန့်ဝေနိုင်ရေးအတွက် ပေးပို့ပါသည်။)

D:\Foreign Red + Green 2023\INFORMATION DROP 2023\India M.TECH(2-6-23).doc

ပူးတွဲ

သင်တန်းဘာသာရပ်

**13 New Courses**

| S.no | Institute Name | Start Date | End Date |
|---|---|---|---|
| 1. | M.TECH in Environmental Management of Rivers and Lakes | **14-7-2023** | **5-7-2025** |
| 2. | M.TECH in Renewable and Hydro Energy | **14-7-2023** | **5-7-2025** |
| 3. | Fifty international course of P.G Diploma in hydrology | **15-7-2023** | **14-7-2024** |
| 4. | Dam Safety and Rehabilitation | **17-7-2023** | **14-7-2025** |
| 5. | Specialized Training on Drug Law Enforcement | 17-7-2023 | 21-7-2023 |
| 6. | International Economic Issues and Development Policy | 17-7-2023 | 28-7-2023 |
| 7. | Integrating Industry Four Dot Zero Competency and Twenty First Century Skills in Educational Institutions | 26-7-2023 | 22-8-2023 |
| 8. | Programme on Financing Inclusive Agriculture & Rural Development | 31-7-2023 | 11-8-2023 |
| 9. | Technopreneurship-Creating Technology Enabled Startups and Ecosystem | 14-8-2023 | 1-9-2023 |
| 10. | Investigation Of Economic Offences | 21-8-2023 | 1-9-2023 |
| 11. | Educational Media Production for E-Learning | 30-8-2023 | 26-9-2023 |
| 12. | Public Health Policy and Management PHPM Program | 11-9-2023 | 15-9-2023 |
| 13. | International Public Health Management Development Program Iteration-II | 6-2-2024 | 15-2-2024 |

**<u>အရည်အချင်းသတ်မှတ်ချက်များ</u>**

(၁) မိဘနှစ်ဦးစလုံးအပြင် ဇနီး/ခင်ပွန်းအားလုံး နိုင်ငံသားဖြစ်ရပါမည်။ (ဧည့်နိုင်ငံသားနှင့် ပြုနိုင်ငံသားများကိုလည်းလျှောက်ထားခွင့်ပြုသည်။)

(၂) လျှောက်ထားသူသည် ကျန်းမာရေးဝန်ကြီးဌာန လက်အောက်တွင် အမြဲတမ်းဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်ပြီး လျှောက်လွှာပိတ်သည့်နေ့တွင် အနည်းဆုံးအမှန်တကယ် အမှုထမ်းသက်(၁)နှစ်ရှိသူဖြစ်ရပါမည်။

(၃) အသက်ကန့်သတ်ချက်မှာ ပညာသင်ဆုကမ်းလှမ်းသည့်အဖွဲ့အစည်း၏ သတ်မှတ်ချက်အတိုင်း ဖြစ်ပြီး၊သတ်မှတ်ချက်မရှိပါက မဟာဘွဲ့/ဘွဲ့လွန်ဒီပလိုမာသင်တန်းအတွက် အသက်(၅၀)နှစ် အောက်ရှိသူဖြစ်ပြီး၊ (၆)လနှင့်အထက် သင်တန်းများအတွက် အသက်(၅၅)နှစ်အောက်ရှိသူ ဖြစ်ရပါမည်။

(၄) နိုင်ငံခြားတွင်(၆)လနှင့်အထက် သင်တန်းတက်ရောက်ခဲ့သူဖြစ်ပါက မြန်မာနိုင်ငံသို့ပြန်ရောက်ပြီး အနည်းဆုံး(၃)လ တာဝန်ထမ်းဆောင်ပြီးသူဖြစ်ရပါမည်။

(၅) သင်တန်းမှပြန်လည်ရောက်ရှိပါကမဟာဘွဲ့၊ ဘွဲ့လွန်ဒီပလိုမာ၊ (၂)နှစ်နှင့်အထက်သင်တန်းများ အတွက် နိုင်ငံဝန်ထမ်းအဖြစ်(၄)နှစ် ပြန်လည်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရပါမည်။

**(မှတ်ချက်။ ။လျှောက်ထားသူများစာရင်းအား ကျန်းမာရေးဝန်ကြီးဌာနသို့ တင်ပြနိုင်ရေး အတွက် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ ကြိုတင်ပေးပို့နိုင်ပါရန် နှင့် Acceptance Letter ရရှိပြီးမှ တင်ပြလာပါက ဆက်လက်ဆောင်ရွက်ပေးမည် မဟုတ်ပါ။)**